# ပို့ဆောင်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
## နေပြည်တော်

၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ) ဆယ်ရက်ပတ်အတွင်း
မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊
ဇူလိုင်လ လပတ်နှင့် (ပထမ) ဆယ်ရက်ပတ်အတွက်
မိုးလေဝသခန့်မှန်းချက်


စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ












၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ
(မီလီမီတာ)

# ၂၀၂၆ ခုနှစ်၊ ဇွန်လ ( တတိယ) ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ လပတ်နှင့် (ပထမ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ် မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်းဆန်းစစ် ဖော်ပြအပ်ပါသည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းခဲ့ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်ခဲ့ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပါသည်။

## မိုးရွာသွန်းမှုအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ခန့်သာရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းတွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ပျမ်းမျှမိုးရေချိန်ထက် ပိုခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇွန်လ (တတိယ) ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်-*** ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း(သာယာဝတီမြို့)၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်(ပူတာအိုမြို့)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၉)ရက်မှ (၁၀)ရက်၊ ရန်ကုန်တိုင်းဒေသကြီး(မှော်ဘီမြို့)၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း(ခန္တီးမြို့၊မော်လိုက်မြို့)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၇)ရက်မှ (၈)ရက်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး(မိုးကုတ်မြို့)၊ မကွေးတိုင်းဒေသကြီး(အောင်လံမြို့)နှင့် ကယားပြည်နယ်တို့တွင် (၄)ရက်မှ (၅)ရက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း(ကန့်ဘလူမြို့)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၂)ရက်မှ (၃)ရက်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် (၁)ရက် မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

## အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတို့တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီ ဖာရင်ဟိုက်အထိနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်

တောင်ပိုင်းတို့တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့အောက် (၁)ဒီဂရီဖာရင်ဟိုက်စီ လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ– စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတောင်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဇွန်လ (တတိယ) ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့အောက် (၃)ဒီဂရီဖာရင်ဟိုက်စီနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(လေထုစိုထိုင်းဆ)*** အခြေအနေများမှာ- မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၆၈%)မှ (၇၅%)အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (၇၆%)မှ (၈၃%)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၈၄%)မှ (၉၂%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ- ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၁၉ မီလီမီတာ)မှ (၂၉ မီလီမီတာ)အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်(၃၀ မီလီမီတာ)မှ (၄၁ မီလီမီတာ)အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၄၂ မီလီမီတာ)မှ (၅၃ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ခြေပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(မြေဆီလွှာစိုစွတ်မှု)*** အခြေအနေများမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်

ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (ပြည့်ဝ)အခြေအနေ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် (စိုစွတ်)အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

## ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ လပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်- ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၅ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၉ ရက်မှ ၁၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

## ၂၀၂၆ ခုနှစ်၊ ဖွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှ ကွာဟချက် | မိုးရွာရက် | အမြင့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁၇၅ | -၅ | ၈ | ၈၇ | -၀၆. | ၇၃ | -၂၇. | ၉၁ | ၀၂. | ၂၇ | ၁၅. |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၈၃ | ၁၃ | ၇ | ၇၅ | ၂၁. | ၅၉ | -၂၃. | ၈၈ | -၂၂. | ၂၇ | ၅၃. |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | ၄ | -၉၁ | ၁ | ၈၉ | ၂၄. | ၇၄ | ၁၂. | ၇၃ | -၆၅. | ၄၂ | ၅၉. |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၁၁ | -၇၈ | ၂ | ၇၅ | -၁၄. | ၆၆ | ၁၀. | ၈၄ | -၁၄. | ၂၄ | -၂၂. |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၁၆ | -၆၁ | ၂ | ၈၉ | ၂၁. | ၇၃ | ၂၂. | ၆၉ | -၉၀. | ၄၄ | ၅၇. |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၁၉ | -၅၁ | ၄ | ၈၄ | ၀၉. | ၆၉ | -၁၁. | ၈၂ | -၁၈. | ၃၄ | ၃၃. |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၁၇၉ | -၄၇ | ၉ | ၈၈ | ၂၉. | ၇၅ | ၀၆. | ၈၉ | -၄၇. | ၂၇ | ၇၂. |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၃၄၁ | ၀ | ၉ | ၈၉ | ၃၃. | ၇၅ | ၀၃. | ၈၆ | -၅၂. | ၃၀ | ၈၀. |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၃၈၀ | -၁၀ | ၈ | ၈၅ | -၀၈. | ၇၇ | ၁၂. | ၉၂ | ၁၄. | ၁၉ | -၃၄. |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၆၀ | -၈ | ၄ | ၉၀ | ၀၃. | ၇၇ | ၂၁. | ၈၁ | -၄၁. | ၃၅ | ၀၉. |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၁ | -၉၃ | ၀ | ၉၆ | -၀၄. | ၈၀ | ၀၇. | ၆၈ | -၁၈. | ၄၇ | -၀၆. |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ဟုမ္မလင်း | ၁၄၈ | ၁၀၅ | ၆ | ၉၀ | ၂၅. | ၇၄ | -၁၆. | ၈၉ | ၆၉. | ၃၂ | -၅၇. |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၁ | -၉၃ | ၀ | ၉၉ | ၀၉. | ၇၉ | -၀၁. | ၇၂ | -၂၈. | ၅၃ | ၃၃. |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၆ | -၈၄ | ၂ | ၉၄ | ၁၇. | ၇၈ | ၃၈. | ၇၉ | -၂၃. | ၄၂ | ၀၄. |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၂၄၃ | -၄ | ၁၀ | ၈၇ | ၀၆. | ၇၆ | ၃၃. | ၉၀ | ၀၅. | ၂၅ | -၂၇. |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၁၉၀ | ၅၄ | ၈ | ၈၉ | ၁၅. | ၇၄ | -၀၈. | ၈၉ | ၀၇. | ၂၉ | ၁၈. |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၅၇ | -၃၈ | ၆ | ၈၉ | ၀၄. | ၇၅ | -၁၂. | ၈၇ | ၁၂. | ၃၁ | ၀၈. |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၁၄၃ | -၂၇ | ၆ | ၉၁ | ၃၀. | ၇၆ | ၂၃. | ၈၁ | -၇၄. | ၃၆ | ၇၁. |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၁၃၀ | -၃၄ | ၁၀ | ၈၉ | ၁၇. | ၇၂ | -၃၄. | ၈၅ | -၅၁. | ၃၄ | ၉၁. |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၃၇၉ | ၅ | ၁၀ | ၈၉ | ၄၀. | ၇၃ | -၀၅. | ၉၁ | -၁၃. | ၂၇ | ၅၈. |

**မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**
**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

နောက်ဆက်တွဲ(ခ)

## ၂၀၂၆ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၁၇၅ | ၂၇ | ၂၇ | ၁၀၀ | ၁၄၈ | ၀ | ပြည့်ဝ |
| ၂။ | ချင်းပြည်နယ် | ၈၃ | ၂၇ | ၂၇ | ၁၀၀ | ၅၆ | ၀ | ပြည့်ဝ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၄ | ၄၂ | ၄၂ | ၅၀ | ၀ | ၀ | စိုစွတ် |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၁၁ | ၂၄ | ၂၄ | ၈၇ | ၀ | ၀ | ပြည့်ဝ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၁၆ | ၄၄ | ၄၄ | ၁၃ | ၀ | ၀ | ခြောက်သွေ့ |
| ၆။ | ကယားပြည်နယ် | ၁၉ | ၃၄ | ၃၄ | ၈၅ | ၀ | ၀ | ပြည့်ဝ |
| ၇။ | ကရင်ပြည်နယ် | ၁၇၉ | ၂၇ | ၂၇ | ၁၀၀ | ၁၅၂ | ၀ | ပြည့်ဝ |
| ၈။ | မွန်ပြည်နယ် | ၃၄၁ | ၃၀ | ၃၀ | ၁၀၀ | ၃၁၁ | ၀ | ပြည့်ဝ |
| ၉။ | ရခိုင်ပြည်နယ် | ၃၈၀ | ၁၉ | ၁၉ | ၁၀၀ | ၃၆၁ | ၀ | ပြည့်ဝ |
| ၁၀။ | နေပြည်တော် | ၆၀ | ၃၅ | ၃၅ | ၁၀၀ | ၂၅ | ၀ | ပြည့်ဝ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၁ | ၄၇ | ၄၇ | ၂၀ | ၀ | ၀ | ခြောက်သွေ့ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၁၄၈ | ၃၂ | ၃၂ | ၁၀၀ | ၁၁၆ | ၀ | ပြည့်ဝ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၁ | ၅၃ | ၅၃ | ၀ | ၀ | ၃၉ | ခြောက်သွေ့ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၆ | ၄၂ | ၄၂ | ၀ | ၀ | ၁၄ | ခြောက်သွေ့ |
| ၁၅၊ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၂၄၃ | ၂၅ | ၂၅ | ၁၀၀ | ၂၁၈ | ၀ | ပြည့်ဝ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၉၀ | ၂၉ | ၂၉ | ၁၀၀ | ၁၆၁ | ၀ | ပြည့်ဝ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၅၇ | ၃၁ | ၃၁ | ၁၀၀ | ၂၆ | ၀ | ပြည့်ဝ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၁၄၃ | ၃၆ | ၃၆ | ၁၀၀ | ၁၀၇ | ၀ | ပြည့်ဝ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၀ | ၃၄ | ၃၄ | ၁၀၀ | ၉၆ | ၀ | ပြည့်ဝ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၃၇၉ | ၂၇ | ၂၇ | ၁၀၀ | ၃၅၂ | ၀ | ပြည့်ဝ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

**နောက်ဆက်တွဲ(ဂ)**

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ)
အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံး အပူချိန် | အနိမ့်ဆုံး အပူချိန် | ပျမ်းမျှ အပူချိန် | စိုထိုင်းဆ | ပင်ငွေ့ ရေငွေ့ ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၈၇ | ၇၆ | ၈၂ | ၉၁ | ၂၄ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၃ | ၆၁ | ၆၇ | ၉၁ | ၂၁ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၆ | ၇၂ | ၇၉ | ၈၁ | ၃၃ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၆ | ၆၅ | ၇၀ | ၈၆ | ၂၅ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၈၆ | ၇၀ | ၇၈ | ၈၁ | ၃၆ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၃ | ၆၉ | ၇၆ | ၈၅ | ၂၄ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၈၅ | ၇၄ | ၈၀ | ၉၃ | ၂၁ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၈၅ | ၇၅ | ၈၀ | ၉၁ | ၂၂ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၅ | ၇၆ | ၈၀ | ၉၂ | ၂၁ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၈၉ | ၇၅ | ၈၂ | ၈၆ | ၃၂ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၆ | ၈၀ | ၈၈ | ၇၁ | ၄၈ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၈၇ | ၇၆ | ၈၂ | ၈၃ | ၃၆ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၉၈ | ၇၉ | ၈၉ | ၇၄ | ၅၀ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၉၂ | ၇၄ | ၈၃ | ၈၁ | ၄၁ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၈၇ | ၇၃ | ၈၀ | ၉၀ | ၂၇ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၈၇ | ၇၅ | ၈၁ | ၉၀ | ၂၆ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၈၉ | ၇၆ | ၈၂ | ၈၇ | ၂၉ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၈၇ | ၇၃ | ၈၀ | ၈၉ | ၂၈ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၈၇ | ၇၅ | ၈၁ | ၉၁ | ၂၅ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၈၅ | ၇၃ | ၇၉ | ၉၃ | ၂၂ |